# အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့် ခွန်း

## အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုအခန်းကဏ္ဍနှင့် မြန်မာနိုင်ငံ၏ အနာဂတ်မျှော်မှန်းချက်

## (၂၃-၅-၂၀၁၅)

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲသို့ ကြွရောက်လာကြတဲ့ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့ ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ ဖွံ့ ဖြိုးမှုမိတ်ဖက်အဖွဲ့ များ နိုင်ငံတကာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနဲ့ ပြည်တွင်းပြည်ပမှပညာရှင်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ယနေ့ ကျင်းပပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် အကောင်အထည်ဖော်မှု အခြေအနေကို ညွှန်ပြနိုင်တဲ့ မူဘောင်ပြုစုရေးဆွဲရေးအတွက် အကြံပြု ဆွေးနွေးချက်များ ရရှိနိုင်ရန်ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်အောင်မြင်ဖို့ အတွက် ကြွရောက်လာကြတဲ့ အစိုးရအဖွဲ့ ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ အရာထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ ပြည်တွင်းပြည်ပပညာရှင်များ၊ ဖွံ့ ဖြိုးမှုမိတ်ဖက်များအားလုံး ပူးပေါင်းညှိနှိုင်းပြီး အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု

မူဘောင်မှာ ထည့်သွင်းရေးဆွဲသင့်တဲ့အချက်များရရှိအောင် တိုင်ပင်ဆွေးနွေးကြရမှာဖြစ်ပါတယ်။

ယနေ့ ကျွန်တော်တို့ အစိုးရဟာ ခေတ်မီဖွံ့ ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နိုင်ဖို့ အတွက် စနစ်ဟောင်း တစ်ခုမှ ဒီမိုကရေစီစနစ်သစ်သို့ ညင်သာစွာပြောင်းလဲနိုင်ခဲ့ပါတယ်။ နိုင်ငံတကာမှာ ညင်သာစွာ မပြောင်းလဲနိုင်သေးတဲ့ နိုင်ငံများကိုလည်း တွေ့ မြင်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ညင်သာစွာပြောင်းလဲနိုင် ခြင်းဟာ ကျွန်တော်တို့ အစိုးရရဲ့ ပထမဆုံး အပြောင်းအလဲဖြစ်ပါတယ်။

ဒုတိယအပြောင်းအလဲအနေဖြင့် ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှု တို့ ကို ကျယ်ကျယ်ပြန့် ပြန့်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

ဒ့ါအပြင် ဒီမိုကရေစီဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်နဲ့ တွဲဖက်မှ အောင်မြင်နိုင်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးမှာ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်အောင် ဆောင်ရွက်နေကြတာလည်း ဖြစ်ပါတယ်။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ရပ်သို့ ကူးပြောင်းမှုဟာ ကျယ်ပြန့် နက်ရှိုင်းပြီး နူးညံ့သိမ်မွေ့ တဲ့အတွက်ကြောင့် အသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်မှာရှိတဲ့ အခြားနိုင်ငံများလိုပဲ အခက်အခဲများ၊ စိန်ခေါ်မှုများနဲ ကြုံတွေ့ ရတတ်ပါတယ်။ ဒါပေမယ့် ဒီလို အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို အောင်မြင်အောင်

ဆောင်ရွက်ရမှာဖြစ်ပြီး နောက်ကြောင်းပြန်လှည့်မှာလည်း မဟုတ်ပါကြောင်း ပြောကြားလိုပါတယ်။

ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာဖို့ ဆိုရင် ပြည်သူ့ အကျိုးပြု ဆောင်ရွက်ပေးနေတဲ့ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်း တွေဟာ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ခံမှုရှိရပါမယ်။ ဒ့ါအပြင် ဒီအုပ်ချုပ်ရေးယန္တရားကို လည်ပတ်ပေးနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း စွမ်းဆောင်ရည်ပြည့်ဝတဲ့ ဝန်ထမ်းများဖြစ်အောင် မြှင့်တင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ Meritocracy လို့ ခေါ်တဲ့ အရည်အသွေးအခြေပြု ချီးမြှင့်မြှောက်စားတဲ့စနစ်နဲ့ စွမ်းဆောင်ရည် စီမံခန့်ခွဲမှု (Performance Management) တို့ ကိုကျင့်သုံးရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်လာ စေခြင်းဟာ နိုင်ငံရဲ့ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ ဖြိုးတိုးတက်လာမှုအပေါ် ပိုမိုအကျိုးဖြစ်ထွန်းစေလိမ့်မယ်လို့ လည်း ကျွန်တော်တို့ ယုံကြည်ပါတယ်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ ဗဟို ဦးစီး စနစ် လျှော့ချခြင်းကိစ္စအနေနဲ့ ပြည်နယ်/တိုင်းဒေသကြီးများသို့ ဘတ်ဂျက်များ ပိုမိုခွဲဝေချထားပေးခြင်း၊ ပြည်နယ်/တိုင်းဒေသ အစိုးရအဖွဲ့ များ၏ စွမ်းဆောင်ရည်တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ပိုင်ခွင့်အာဏာ ခွဲဝေပေးခြင်း၊ ဝန်ကြီးဌာနအဆင့်ဆင့်ကြား ပေါင်းစပ်ညှိနှိုင်းပေးမှုတို့ ကို ဥပဒေနဲ့ အညီဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအပိုင်းအနေနဲ့ သဘာဝသယံဇာတ အရင်းအမြစ်ထုတ်လုပ်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး (EITI) နဲ့ ပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်ရေး (Open Government Partnership-OGP) တို့ကို ဆောင်ရွက်နေတဲ့အပြင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးအလိုက် သတင်းထုတ်ပြန်ရေးကိစ္စရပ်များကိုလည်း အကောင်အထည်ဖော်နေပြီလည်း ဖြစ်ပါတယ်။

သို့သော်လည်း အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ကြီးမားကျယ်ပြန့်တဲ့ အတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ ဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းစွမ်းအားနဲ့ လုပ်ဆောင်လို့ မရနိုင်ပါဘူး၊ ဒီလိုပဲ ပြည်ထောင်စုအဆင့်တစ်ခုတည်း၊ တိုင်းဒေသကြီးအဆင့်တစ်ခုတည်း၊ ပြည်နယ်အဆင့်တစ်ခုတည်းနဲ့လည်း အကောင်အထည်ဖော် ဆောင်ရွက်လို့ မရနိုင်ပါဘူး။ ဒါကြောင့် တစ်ခုတည်းသော မူဘောင် မူဝါဒအောက်မှာ အားလုံး စုစုစည်းစည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနဲ့ ပေါင်းစပ်ညှိနှိုင်း ရေးဟာ အလွန်အရေးကြီးကြောင်း ပြောကြားလိုပါတယ်။

ဒါ့အပြင် အစိုးရရဲ့ ကျန်ရှိတဲ့သက်တမ်းကာလအတွင်းမှာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ရေရှည်ခိုင်မာမယ့် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးရမယ့်လုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့လည်းလိုအပ်ပါတယ်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ ပြည်သူများရဲ့ ဆန္ဒ၊လိုအပ်ချက်နဲ့ မျှော်လင့်ချက်များဟာ အလွန်များပြား ပါတယ်။

လိုအပ်ချက်အားလုံးကိုပြည့်မီအောင် လုပ်ဆောင်ဖို့ ခိုင်မာတာကလည်း အစိုးရသက်တမ်းတစ်ခုနှင့် ဘယ်လိုမှမဖြစ်နိုင်တာကိုလည်း ကြွရောက်လာကြသူများအားလုံး သိရှိပြီးဖြစ်ပါတယ်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းဟာလည်း ရေရှည် အစဉ်အဆက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ အနာဂတ်ဘဝအတွက် ရေရှည်ခိုင်မာတဲ့ အုတ်မြစ်ကောင်း တစ်ခု လိုအပ်လာပါတယ်။

ယနေ့ ကာလမှာ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေကို နယ်ပယ်ကဏ္ဍ အသီးသီးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှိနေတဲ့အတွက် ဒါတွေအားလုံးကို စုစည်းဆောင်ရွက်နိုင်ဖို့ မဟာဗျူဟာ မှတ်တမ်း (Strategic Document) ကဲ့သို့သော မူဘောင် (Framework) တစ်ခု လိုအပ်လာပါတယ်။

ဒီမူဘောင်ကို အစိုးရတစ်ဦးတည်းရဲ့ ဆောင်ရွက်မှုတစ်ခုအနေဖြင့် မရှုမြင်စေဘဲ မိမိတို့နိုင်ငံရဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် တည်ဆောက်ရာမှာ နိုင်ငံသားအားလုံးရဲ့ စုပေါင်းပါဝင် ကြိုးပမ်း အားထုတ်မှုတစ်ရပ်အနေနဲ့ ရှုမြင်စေလိုပါတယ်။

ဒါ့အပြင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်ဟာ နိုင်ငံတော်ရဲ့ ရည်မှန်းချက်များနဲ့ အစိုးရရဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေမှု များကို ဖော်ပြထားတဲ့ မဟာဗျူဟာမှတ်တမ်းအဖြစ် နောင်လာမယ့် အစိုးရတွေကို လက်ဆင့်ကမ်းနိုင်မယ့် အမွေအနှစ်တစ်ခုလည်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ သက်ဆိုင်သူအားလုံးအနေနဲ့ မြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ပါဝင်ကူညီ ဆောင်ရွက် ပေးခြင်းဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ကို အောင်မြင်အောင်ဖော်ဆောင်ပေးခြင်းပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကြွရောက်လာကြသူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်း လိုပါကြောင်းနဲ့ ယခုဆွေးနွေးပွဲမှာ ပွင့်လင်းတက်ကြွစွာနဲ့ ထိရောက် ထက်မြက်စွာ ဆွေးနွေးနိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်။